မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

**Myanmar Citizens Bank နှင့် Temenos တို့၏ Core Banking System သဘောတူညီလက်မှတ်ရေးထိုးခြင်း**

မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ဘဏ္ဍာရေးဝန်ဆောင်မှု နည်းပညာများတီထွင်ပံ့ပိုးပေးသည့် နည်းပညာကုမ္ပဏီ Temenos တို့ က နိုင်ငံတကာအဆင့်မီ Temenos Core Banking System (CBS) အား မြန်မာနိုင်ငံသားများဘဏ်တွင် အသုံးပြုရန်အတွက် ဇန်နဝါရီလ (၂၆) ရက်နေ့ က MCB ရုံးချုပ်တွင် သဘောတူလက်မှတ်ရေးထိုးခြင်းကို ထုတ်ပြန်ကြေညာပါသည်။ ဤသဘောတူ လက်မှတ်ရေးထိုးပွဲသည် ၂၀၁၆ ခုနှစ်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်သည့် ပထမဆုံးဘဏ်ဖြစ်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ်တွင်"ငွေရတု"ကျင်းပ ဆင်နွှဲခဲ့သည့် MCB အတွက် ခေတ်မီနည်းပညာပြောင်းလဲမှုများအဓိကထားပြုလုပ်မည့် ၂၀၁၈ခုနှစ် ၏ အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်ရန်နှင့် ဈေးကွက်အတွင်း ပြည်တွင်းပြည်ပ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်များနှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် ခိုင်မာစိတ်ချရသည့် Core Banking စနစ်ကအဓိကကျသည့်အခြေခံအုတ်မြစ်ဖြစ်သည့်အားလျော်စွာ ကမ္ဘာ့ထိပ်တန်း CoreBanking စနစ်များအားစိစစ်ရွေးချယ်ခဲ့ပြီးမှ ဈေးကွက်တွင်ယုံကြည်မှုနှင့်ခိုင်မာမှုအား ကျယ်ကျယ်ပြန့်ပြန့်ရယူထားသည့်Temenos ၏ T24 နှင့် ပူးပေါင်းအကောင်အထည်ဖော်ရန်အတွက် သဘောတူစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံအခြေစိုက်Temenous သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ရုံးခွဲပေါင်း(၇၀)ခန့် ဖွင့်လှစ်ပြီးလုပ်ငန်းများ လုပ်ဆောင်လျှက်ရှိပြီး APAC Regional Office အနေဖြင့် စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်ထားသည်။ ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာနည်းပညာစနစ်များအား ပံ့ပိုးပေးနေသည် ကမ္ဘာ့အဆင့်မီကုမ္ပဏီကြီး လည်းဖြစ်ပြီး မြန်မာ အပါအဝင် နိုင်ငံပေါင်း(၁၄၀)ခန့် တွင် တွင်ကျယ်စွာ လုပ်ငန်းဝန်ဆောင်မှုများ ပေးလျှက်ရှိသည်။

မြန်မာနိုင်ငံအတွင်းTemenos ၏ နည်းပညာစနစ်များကိုအကောင်အထည်ဖော်ရာတွင် Techmill ကုမ္ပဏီ နှင့်ပူးပေါင်းဆောင်ရွက်ပေးလျှက်ရှိသည်။ ယခုလက်တွဲပူးပေါင်းခြင်းသည် မြန်မာနိုင်ငံသားများဘဏ်အား ပြောင်းလဲတိုးတက်နေသည့် ဘဏ္ဍာရေးဝန်ဆောင်မှုဈေးကွက်တွင် ထိုးဖောက်နေရာယူလာနိုင်ပြီး ပြည်သူများအား ပိုမိုကောင်းမွန်ခေတ်မီသည့်ဝန်ဆောင်များအား ပေးလာနိုင်တော့မည်ဖြစ်သည်။ Core Banking စနစ်အားအကောင်အထည်ဖော်ဆောင်ရွက်ပြီးပါကမြန်မာနိုင်ငံသားများဘဏ်မှာ **"အချိန်မရွေး နေရာမရွေး"** ဝန်ဆောင်မှုပေးမည့် ဘဏ်တစ်ခုအဖြစ် ဈေးကွက်အတွင်း နေရာယူလာနိုင်မည်ဖြစ်သည်။

အဆိုပါ Core Banking System အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ အစုရှယ်ယာရှင်များသို့ ထပ်မံအသိပေးကြေညာ သွားမည်ဖြစ်ပြီး၊ တိုးတက်မှုအခြေအနေကိုလည်း အချိန်နှင့်တပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်